ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)
ပါတီဗဟိုဌာနချုပ်
P.O Box-6, Mae Hong Son 58000, Thailand Email: knpphq2013@gmail.com Office Phone/Fax: +66-53615908
Secretariat mobile: GS: (+66)999428659, S1: (+66) 895531296, S2: (+66) 650194009

## (၇၃) နှစ်မြောက် ကရင်နီအမျိုးသားခုခံတော်လှန်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၊ ပါတီဗဟိုဌာနချုပ်၏ သဝဏ်လွှာ

မိဘပြည်သူများနှင့် ခေါင်းဆောင်၊ တပ်မှူး၊ တပ်သားအပေါင်းတို့ ............

ယနေ့ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ (၉)ရက်နေ့ဟာ မိမိတို့ရဲ့ သီးခြားလွတ်လပ်တဲ့ ကရင်နီပြည်အား ကျူးကျော်လာတဲ့ စစ်အာဏာရှင်တွေကို ကရင်နီအမျိုးသားများက ရဲရာလက်နက် စွဲကိုင်ပြီး ကရင်နီပြည်ရဲ့ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ပြည်လည်ရရှိဖို့အတွက် တိုက်ပွဲဝင်ဆင်နွဲခဲ့တဲ့ (၇၃)နှစ်မြောက်နေ့ပဲ ဖြစ်ပါတယ်။ ဒီနေ့ ဩဂုတ်လ (၉)ရက်နေ့ကို ကျနော်တို့ ကရင်နီအမျိုးသား ခုခံတော်လှန်ရေးနေ့အဖြစ် သတ်မှတ်ပြီး နှစ်စဉ်နှစ်တိုင်း ရောက်ရှိတဲ့ နေရာတိုင်းမှာ ကျင်းပပြုလုပ်ခဲ့တာပဲ ဖြစ်တယ်။

ဗမာအစိုးရက ဗြိတိသျှအစိုးရဆီကနေ လွတ်လပ်ရေးရရှိပြီးတဲ့အချိန်ကာလအထိ ကရင်နီပြည်ဟာ ကိုယ့်မင်းကိုယ့်ချင်းနဲ့ အုပ်ချုပ်ပြီး သီးခြားရပ်တည်လာခဲ့တာ ဖြစ်တယ်၊ ဒါပေမဲ့ ဗမာပြည်လွတ်လပ်ရေး ရပြီးတဲ့ နောက်ပိုင်း ဖဆပလ စစ်အစိုးရဟာ ကရင်နီပြည်ကို စစ်ရေးကျူးကျော်လာတဲ့အတွက် ကရင်နီအမျိုးသားများရဲ့ ကိုယ့်ကြမ္မာကိုယ် ဖန်တီးပိုင်ခွင့် အခွင့်အရေးတွေ ဆုံးရှုံးလာခဲ့တာ ဒီနေ့ဒီအချိန်အထိပဲ ဖြစ်ပါတယ်။ ၁၉၄၈ ခုနှစ်၊ ဩဂုတ်လ (၉)ရက်နေ့မှာ ဖဆပလ စစ်အစိုးရက ကရင်နီပြည်ကောင်စီ ဥက္ကဋ္ဌ ကိုဘီတူရီ တည်ရှိရာ မြလဲ (မန်းလား) ရွာကို စတင်ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး ကရင်နီအမျိုးသားများကလည်း ရဲရာလက်နက်စွဲကိုင်ပြီး ပြန်လည်တွန်းလှန် တိုက်ခိုက်ခဲ့ကြတာပဲ ဖြစ်တယ်။

ကရင်နီအမျိုးသားများဟာ ကရင်နီပြည်ရဲ့ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ဆုံးရှုံး လက်လွှတ်ခဲ့ရသလို လူမျိုးတစ်မျိုးရဲ့ ဂုဏ်သိက္ခာနဲ့တကွ လွတ်လပ်မှု၊ တရားမျှတမှုအပြင် ကိုယ်ပိုင်ပြဌာန်းခွင့် အခွင့်အရေးတွေကို ဆုံးရှုံးလာခဲ့ရတာ နှစ်ပေါင်း (၇၃)နှစ် ရှိခဲ့ပါပြီ။ ဒီလိုနှစ်ပေါင်း (၇၃)နှစ်အတွင်းမှာ ခုခံတော်လှန်ရေးကို ဆင်နွဲလာခဲ့ကြတဲ့ ခေါင်းဆောင်၊ တပ်ဗိုလ်၊ တပ်မှူး၊ တပ်သားတွေနဲ့ ကရင်နီပြည်သူလူထုတွေဟာ အမျိုးသားရေး အတွက် အသက်ပေါင်းများစွာ ပေးဆပ်ခဲ့ရပြီး ဖြစ်ပါတယ်။

ဒါကြောင့် မိမိကိုယ်ကျိုးကို စွန့်လွှတ်ပြီး အမျိုးသားရေးအတွက် အသက်ပေးဆပ်သွားကြရတဲ့ ခုခံတော်လှန်ရေးအဖွဲ့ဝင်တွေ၊ မိဘပြည်သူတွေကို အမြဲတမ်း အသိအမှတ်ပြု သတိရနေဖို့ လိုအပ်ပါတယ်။ အမျိုးသားရေး

ဆိုတာ အမျိုးသားလို့ ခံယူထားတဲ့ လူတိုင်းနဲ့ သက်ဆိုင်ပါတယ်။ အမျိုးသားစုစံတော်လှန်ရေးတစ်ရပ်ဆိုတာ ဘဝနဲ့ရင်းပြီး ပေးဆပ်မှုများစွာနဲ့ အခက်အခဲများစွာကြားမှာ တော်လှန်ဆင်နွှဲနေကြရတာ ဖြစ်ပါတယ်။

ယနေ့ မြန်မာနိုင်ငံမှာ နိုင်ငံရေးပဋိပက္ခတွေ ရှုတ်ထွေးမှုနဲ့အတူ ကမ္ဘာ့ ကိုဗစ်-၁၉ ကပ်ရောဂါကလည်း ပြန့်နှံ့နေတဲ့အချိန် ဖြစ်ပါတယ်။ ဒီအချိန်မှာ အာဏာသိမ်း စစ်အာဏာရှင်က မိမိတို့ကရင်နီပြည်ထဲမှာ လူထုကို မတရားဖမ်းဆီး သတ်ဖြတ်ပြီး အိုးအိမ်အဆောက်အဦးတွေနဲ့ ဘာသာရေးဆိုင်ရာ ဘုရားကျောင်းတွေကို ဖျက်ဆီးနေတာဟာ ကရင်နီအမျိုးသားတွေအတွက် လက်သင့်ခံနိုင်စရာ လုံးဝ မရှိပါဘူး၊ ဒါကြောင့်လည်း ကရင်နီအမျိုးသားတိုးတက်ရေးပါတီနဲ့ ကရင်နီအမျိုးသားစုစံတော်လှန်ရေးအဖွဲ့ဝင်တွေအနေနဲ့ ပြည်သူလူထုနဲ့အတူ အပြည့်အဝ ရပ်တည်ပြီး တိုက်ပွဲဝင်နေကြတာ ဖြစ်ပါတယ်။

ကရင်နီအမျိုးသာတွေရဲ့ ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးပိုင်ခွင့်ကို ပြန်လည်ရရှိရေးအတွက် ကြိုးပမ်းတိုက်ပွဲဝင်နေတာဟာ ကရင်နီအမျိုးသားတိုးတက်ရေးပါတီတစ်ခုတည်း ဆောင်ရွက်နေလို့ မရပါဘူး၊ ကရင်နီအမျိုးသားအားလုံးနဲ့သက်ဆိုင်ပြီး အားလုံးပူးပေါင်းဆောင်ရွက်မှသာ တော်လှန်ရေးဟာ အောင်မြင်မှာ ဖြစ်ပါတယ်၊ ဒါကြောင့် ဒီနေ့ဒီအချိန်ဟာ ကျနော်တို့ကရင်နီအမျိုးသားထုတစ်ရပ်လုံး စည်းစည်းလုံးလုံးနဲ့ စစ်အာဏာရှင်ကို ရောက်ရာနေရာကနေ ကိုယ်တတ်နိုင်စွမ်းသ၍ တွန်းလှန်တော်လှန်ဖို့ လိုအပ်ပါတယ်။

ဒါကြောင့် ကရင်နီအမျိုးသားတွေရဲ့ ဘဝကံကြမ္မာဟာ တစ်မျိုးသားလုံးရဲ့ တာဝန် ဖြစ်တယ်ဆိုတာ လေးလေးနက်နက်ခံယူထားဖို့ လိုအပ်သလို အမျိုးသားခေါင်းဆောင်ကြီးတွေ ပေးအပ်ခဲ့တဲ့ ပုန်းပြောင်း တာဝန်တွေကို ကိုယ်စီ ဆက်လက်ထမ်းဆောင်ရင်း တရားသောစစ်ကို အောင်မြင်စွာ ဆင်နွှဲနိုင်ကြပါစေလို့ ဒီနေ့ ကျရောက်တဲ့ (၇၃)နှစ်မြောက် ကရင်နီအမျိုးသားစုစံတော်လှန်ရေးနေ့မှာ ဆုမွန်တောင်းရင်း ဤသဝဏ်လွှာကို ရေးသား ပေးပို့လိုက်ပါတယ်။

ပါတီဗဟိုဌာနချုပ်

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ (၉)ရက်